(င) သက်ဆိုင်ရာတံတားကြီး တံတားအသုံးပြုခ နှုန်းထားများကို ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(စ) တံတားကြီးအင်္ဂါရပ်များကို အဆင့်မြှင့်တင် တည်ဆောက်ရာတွင်လည်းကောင်း၊ တိုးချဲ့ တည်ဆောက်ရာတွင်လည်းကောင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း နှင့် ဖျက်သိမ်းခြင်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ တံတားကြီးပေါ်၌ ဖြတ်သန်း သွားလာမှုကို လိုအပ်ပါက ယာယီအစီအစဉ်အရပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် တံတားခေတ္တ ပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲ ပြုလုပ်ပေးခြင်းနှင့် လမ်းလွှဲတံတား ဖောက်လုပ်ခြင်း၊

(ဆ) တံတားကြီး ပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့်အရေးယူစေရန် ဆောင်ရွက်ခြင်း၊ တံတားကြီးအင်္ဂါရပ်များ နှင့် ပြည့်စုံညီညွတ်မှု ရှိမရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဇ) တံတားကြီးပေါ်တွင် အများဆုံးမောင်းနှင်ခွင့်ပြုမည့် တံတားခံနိုင်ဝန်နှင့် အများဆုံး ခွင့်ပြုနိုင်သည့်မော်တော်ယာဉ်၊ စက်ယန္တရား နှင့် ရထားများ၏ အတိုင်းအတာကို သတ်မှတ် ကြေညာခြင်း၊

(ဈ) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ည) တံတားကြီးပေါ်၌ မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မတော်တဆမှုများ လျော့နည်းစေရေး၊ မလိုလားအပ်သော ဒုစရိုက်မှုများ၊ အညစ်အကြေးနှင့် အမှိုက် စွန့်မှုများ၊ တံတားအစိတ်အပိုင်းများ မဖျက်ဆီးနိုင်ရေးအတွက် အစိုးရဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဋ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း တို့နှင့်စပ်လျဉ်း၍ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်နှင့် တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန် အသိပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်း။

(င) သတ်မှတ်ချက်ထက် ကျော်လွန်မှုများရှိပါက အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ဝန်ကြီးဌာန ထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်ရမည်။

## အခန်း(၆)

## တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများ

၉။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် တံတားကြီးနယ်နိမိတ် အတွင်းတွင် -

(က) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်း ပြုနိုင်သည်။

(ခ) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများတွင် သိုလှောင်ရုံ၊ အလုပ်ရုံ၊ အုပ်ချုပ်ထောက်ပံ့မှု နှင့် လုံခြုံရေးအတွက် လိုအပ်သည့် အဆောက်အအုံကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းကိုစီမံခန့်ခွဲခြင်း၊ လိုက်နာရမည် အချက်များ သတ်မှတ်ခြင်းပြုနိုင်သည်။

(ဂ) ဦးစီးဌာန၏ ဝန်ထမ်းများ နေထိုင်ရန် အိမ်ရာ၊ အထောက်အကူပြု အဆောက်အအုံ ဆောက်လုပ်နိုင်သည်။

## အခန်း(၇)

## တားမြစ်ချက်များ

၁၀။ မည်သည့်မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထား သို့မဟုတ် အနေးယာဉ်မျှ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းစသည့် လုပ်ငန်း ဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း မပြုရ။

၁၁။ မည်သူမျှအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးအင်္ဂါရပ်ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တံတား ရေရှည်တည်တံ့ ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများ ပြုလုပ်ခြင်း၊

(ခ) တံတားကြီးအင်္ဂါရပ်ကို ဖယ်ရှားခြင်း သို့မဟုတ် မော်တော်ယာဉ်နှင့် လူများ သွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

